# ၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်တွင်ဖော်ပြပါတာဝန်ခံအသီးသီးသည်၊ မိမိနှင့်ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာငွေများမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေ စုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထားသောဇယားတွင် ဖော်ပြထားသည့်အတိုင်း ထုတ်၍၊ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာငွေအမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ဘဏ္ဍာရေးဌာနတာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာငွေများ။ | ၂၉၀ | နောက်ဆက်တွဲဇယား(က)။ |
| ၂ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ဘဏ္ဍာရေးဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်း များ၏ ဘဏ္ဍာ ငွေများ။ | ၁၀ | နောက်ဆက်တွဲဇယား(ခ)။ |

(၂) ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၀)အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃။ ။(၁) ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေသုံးရာကုဋေအထိရှိသော ငွေများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည့်ပြင်၊ ထိုကဲ့သို့ ငွေချေးယူသောကိစ္စအတွက် မိမိသင့်သည်ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍လည်း ထုတ်ပေးနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရဌာနအားလုံး၊တော်လှန်ရေးအစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ရငွေအားလုံးကို ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းတွင် ထည့်သွင်းရမည်။ တော်လှန်ရေးကောင်စီက အတည်ပြုထားသည့် ဇယားအသီးသီးတွင်ဖေါ်ပြထားသည့် အသုံးစရိတ်အားလုံးကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ပြည်ထောင်စု၏ တစုတပေါင်းတည်းသောငွေစာရင်းမှ ထုတ်ယူသုံးစွဲနိုင်သည်။

(၃) ဤဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းတွင် ထည့်သွင်းရမည်။

(၄) ဤဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကို၎င်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့် စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းမှထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသောငွေချေးယူခြင်းသည်၊ ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၂) အရ၊ ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင် နောက်ထပ်ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**နောက်ဆက်တွဲဇယား (က)။**

## ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း။

| | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| **သာမန်အသုံးစရိတ်** | ကျပ် |
| ကျန်းမာရေး ... ... ... ... | ၂၀၀ |
| **ငွေလုံးငွေရင်းအသုံးစရိတ်။** | |
| တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌရုံး ... ... | ၁၀ |
| ပညာရေး ... ... ... ... | ၃၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ... .. | ၄၀ |
| **အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်း၊ ထောက်ပံ့ငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေများထုတ်ပေးခြင်းအတွက်အသုံးစရိတ်များ။** | |
| ထောက်ပံ့ငွေများ ... ... ... | ၁၀ |
| **ပေါင်း ...** | **၂၉၀** |

**နောက်ဆက်တွဲဇယား (ဓ)။**

# အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း

ခွဲဝေသုံးစွဲသည့်ငွေ။

| သာမန်အသုံးစရိတ် | | ကျပ် |
|---|---|---|
| ရေနံ့ဓါတ်နှင့် ဓါတ်သတ္တုရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း | ... | ၃၀ |